ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

အမိန့်ကြော်ငြာစာ၂၃/၂၀၁၉ အရ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်

လျှောက်ထားရန်ကိစ္စ

သတင်းလွှာ ( ၉ /၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ **အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉ အရ လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်လျှောက်ထားရန်ကိစ္စ**

၁။ ယခင်အမိန့်ကြော်ငြာစာများဖြင့် တင်သွင်းရောင်းချခွင့်ပြုထားသော ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ စသည့် ကုန်ပစ္စည်းအုပ်စု (၆) မျိုးကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ရယူ၍ တင်သွင်းရောင်းချခြင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် လက်လီ၊ လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ကို သတ်မှတ်ရက်အတွင်း အပြီးလျှောက်ထားရမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၁-၅-၂၀၁၉ ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ် ၂၃/ ၂၀၁၉ ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉ အရ လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်အား အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရန်ဖြစ်ရာ ၁၈-၈-၂၀၁၉ ရက်နေ့တွင် မှတ်ပုံတင်လျှောက်ထား ရန်သတ်မှတ်ရက် ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။

၃။ သို့ပါ၍ လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင် လျှောက်ထားရယူထားခြင်း မရှိ သေးသော ကုမ္ပဏီများအနေဖြင့် အပိုဒ် ၁ ပါ ကုန်ပစ္စည်းအုပ်စု(၆)မျိုး တင်သွင်းရောင်းချခြင်းကို ဆက်လက်ခွင့်ပြုတော့မည်မဟုတ်ကြောင်းနှင့်ကျန်ရှိသည့်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလ ကျော်လွန်သည့်တိုင် လက်လီ/လက်ကားရောင်းချခွင့်မှတ်ပုံတင်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရယူမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန